# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## "လူထုဗဟိုပြုစီမံကိန်း ဝေဖန် အကြံပြု တိုင်ကြားနိုင်သော အစီအစဉ်"

လူထုဗဟိုပြု စီမံကိန်း

လူထုဗဟိုပြု စီမံကိန်း



### ဘယ်လိုကိစ္စမျိုးကို ဝေဖန် အကြံပြု တိုင်ကြားလို့ ရပါသလဲ။

စီမံကိန်းလုပ်ငန်းခွဲများ၊ ဆောက်လုပ်ရေး လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုသော ပစ္စည်းများ၏ အရည်အသွေး၊ စီမံကိန်းဝန်ထမ်းများ၊ ကျေးရွာ ကော်မတီ အဖွဲ့များနှင့် ပတ်သက်ပြီး လိုအပ်ချက်/ မကျေနပ်ချက်များရှိပါက ဝေဖန်အကြံပြု တိုင်ကြားနိုင်ပါသည်။



### ဘယ်သူတွေ ဝေဖန်အကြံပြု တိုင်ကြားလို့ရပါသလဲ။

စီမံကိန်းနှင့် ပတ်သက်သူအားလုံး မည်သူမဆို ဝေဖန်အကြံပြု တိုင်ကြားနိုင်ပါသည်။ ကျေးရွာလူထုအားလုံး ဘာသာမရွေး၊ လူမျိုးမရွေး၊ မည်သည့် ဘာသာစကားနှင့်ဖြစ်စေ လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ဝေဖန်အကြံပြုတိုင်ကြားရန် ဖိတ်ခေါ်ပါသည်။





### ဘယ်လိုနည်းလမ်းနဲ့ ဝေဖန် အကြံပြု တိုင်ကြားလို့ ရပါသလဲ။

- အကြံပြုစာတိုက်ပုံးမှတစ်ဆင့်
- ရပ်ရွာလူထု အစည်းအဝေးမှတစ်ဆင့်
- တယ်လီဖုန်းမှတစ်ဆင့်
- အီးမေးလ်၊ ဝက်ဘ်ဆိုက်မှတစ်ဆင့်
- လူကိုယ်တိုင်လည်း လာရောက် တိုင်ကြားနိုင်သည်။ အခြား အဆင်ပြေမည့် မည်သည့် နည်းလမ်းဖြင့်မဆို အကြံပြု တိုင်ကြားနိုင်ပါသည်။



### ဖြေရှင်းခြင်းနှင့် အကြောင်းပြန်ခြင်း

ဝေဖန်အကြံပြု တိုင်ကြားချက်တိုင်းကို အကြံပြုသူအမည် ထုတ်ဖော်မပြောဘဲ အကြံပြုကော်မတီက တိုင်ပင် ဆွေးနွေးပါသည်။ ရရှိလာသော အဖြေကိုလည်း အကြံပြုသူထံ ပြန်လည် အကြောင်းပြန်ပေးပါသည်။



**သင်၏ ဝေဖန်အကြံပြု တိုင်ကြားချက်များကြောင့် စီမံကိန်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်တယ်ဆိုတာ မမေ့ပါနဲ့။**

အကြံပြု တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ
လူထုဗဟိုပြုစီမံကိန်းရုံး (နေပြည်တော်)
၀၆၇ ၄၁၈၆၂၄၊ ၀၉ ၃၀၆၆ ၇၇၁၁၊ ၀၉ ၃၀၆၆ ၇၇၂၂

အကြံပြု တိုင်ကြားနိုင်သော
အီးမေးလ် (Email) - feedback@drdmyanmar.org, uniongrievanceteam@gmail.com
ဝက်ဘ်ဆိုက် (Website) - cdd.drdmyanmar.org

**ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု**